# သတင်းထုတ်ပြန်ချက်

## ကုလ အချက်အလက်ရှာဖွေရေး မစ်ရှင်

## မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ ဖိနှိပ်ညှင်းပမ်းခံရ၊ ဂျနိုဆိုက် အန္တရာယ်လက်ရောက်တွင် နေထိုင်နေရသည်ဟု ကုလကျွမ်းကျင်ပညာရှင်များကဆို။ ။

**(၂၀၁၉) စက်တင်ဘာလ (၁၆)၊ ဂျနီဗာမြို့ ။** မြန်မာနိုင်ငံတွင် ကျန်ရှိနေသော ရိုဟင်ဂျာ (၆) သိန်းကျော်သည် ဖွဲ့စည်းပုံအရ ဖိနှိပ်ညှင်းပမ်းမှုကို ခံရပြီး၊ ဂျနိုဆိုက်(ခေါ်) မျိုးဖြုတ်ခြင်း အန္တရာယ်လက်ရောက်တွင် နေနေရကြောင်း မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်က ၎င်းတို့၏ အစီရင်ခံစာအသစ်တွင်ဆိုသည်။

"ရိုဟင်ဂျာတို့အတွက် ဂျနိုဆိုက် အန္တရာယ် အခြိမ်းအခြောက်က ဆက်ပြီးရှိနေဆဲပါ" ဟု အချက်အလက်ရှာဖွေရေး မစ်ရှင်၏ ဥက္ကဋ္ဌဖြစ်သူ မာဇူကီးဒါရူစမန်းက ဆိုသည်။ ထောင်ပေါင်းများစွာကို သတ်ဖြတ်၍၊ ရိုဟင်ဂျာ (၇)သိန်း (၄)သောင်းကျော်တို့ အသက်ရင်း၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးသွားစေခဲ့သော၊ (၂၀၁၇)"ရှင်းလင်းစစ်ဆင်ရေးများ"ကြားတွင် "ဂျနိုဆိုက်လုပ်ရပ်များ"ကို မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့ကြကြောင်း လွန်ခဲ့သည့်နှစ်တွင် မစ်ရှင်က တွေ့ခဲ့သည်ကိုလည်း ပြန်လည် သတိပေးပြောကြားခဲ့သည်။

"မြန်မာနိုင်ငံက ၎င်း၏တာဝန်ဖြစ်သော ဂျနိုဆိုက်ကို တားဆီးရေး၊ ဂျနိုဆိုက်ကို စုံစမ်းစစ်ဆေးရေးနှင့် ဂျနိုဆိုက်ကို ပြစ်မှုအဖြစ် သတ်မှတ်ရန်နှင့် အပြစ်ပေးရန် ထိရောက်သော ဥပဒေပြုရေးတို့ကို ပျက်ကွက်နေသည်" ဟု ဒါရူစမန်းကဆိုသည်။

ယနေ့ထုတ် အစီရင်ခံစာကို၊ (၂၀၁၇)တွင် မစ်ရှင်ကို တည်ထောင်ခဲ့သော လူ့အခွင့်အရေးကောင်စီသို့ အင်္ဂါနေ့တွင် တင်ပြမည်ဖြစ်သည်။ တပ်မတော်ခေါ် မြန်မာ့စစ်တပ်၏ လက်အောက်တွင် ဘေးဖယ်ခြင်း၊ ခွဲခြားနှိမ့်ချဆက်ဆံခြင်း နှင့် ရက်စက်မှုတို့ကို ခံခဲ့ရသော မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ခံစားချက်မှာ တစ်စုနှင့်တစ်စုမတူသော်လည်း၊ အားလုံးတွင် ဘုံ ခံစားချက်ရှိသည်ဟု ဆိုသည်။

တပ်မတော်က နိုင်ငံတွင်းရှိ လူနည်းစုတိုင်းရင်းသားအုပ်စုများကို ဆယ်စုနှစ်ပေါင်းများစွာချီကာ တိုက်ခိုက်မှုများကြားတွင်၊ ဖြစ်ပေါ်လာသော လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် ပတ်သက်သည့် အချက်အလက်အသစ်များစွာကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ကြားက ပဋိပက္ခနှင့်

ပတ်သက်၍၊ မစ်ရှင်က အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။ "အရပ်သားများက သောင်းကျန်းမှုကို မထောက်ပံ့နိုင်ရန် ကြိုးစားသည့် အနေနှင့် ရခိုင်တိုင်းရင်းသား အသိုင်းအဝိုင်းများ၏ အသက်သွေးကြောကို တပ်မတော်က ဖြတ်တောက်ထားသည်။ လူထု၏ လွတ်လပ်စွာသွားလာခွင့်ကို သာမက၊ လူသားချင်းစာနာထောက်ထားမှု ဝင်ရောက်နိုင်ရေးကိုပါ ကန့်သတ်ထားသည်။" ထို့ကြောင့်၊ လူအများစုသည် အသက်မွေးဝမ်းကျောင်း မလုပ်စားနိုင်ဘဲ၊ အစားအစာ မရှာနိုင်ဖြစ်နေကြသည်။

မြန်မာနိုင်ငံ မြောက်ပိုင်းရှိ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုများကို အသေးစိတ်ဖော်ပြကာ၊ သောင်းကျန်းသူများဟု မသင်္ကာခံရသူများကို နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ဆိုးဆိုးရွားရွား ဆက်ဆံခြင်းတို့ ရှိကြောင်း အစီရင်ခံစာက တွေ့ရှိခဲ့သည်။ ထို့ပြင်၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများက၊ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ ပဋိပက္ခများတွင်၊ မြန်မာ့စစ်တပ်၏ ထင်ရှားသည့် အင်္ဂါရပ်တစ်ရပ်အနေနှင့် ဆက်လက်ဖြစ်ပွားနေသည် ဟုဆိုသည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း၊ နစ်နာခံရသူများနှင့် မျက်မြင်သက်သေများ တစ်ထောင့်သုံးရာ (၁၃၀၀) ကျော်ကို မစ်ရှင်က အင်တာဗျူးမေးမြန်းခဲ့ပြီး၊ ရခိုင်၊ ချင်း၊ ရှမ်း၊ ကချင်နှင့် ကရင်ပြည်နယ်တို့ရှိ လူ့အခွင့်အရေး အလွဲသုံးစားမှုများကို စုံစုံလင်လင် မှတ်တမ်းတင်ခဲ့သည်။

“မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သောနှင့် ဖြစ်ပွားနေဆဲ လူ့အခွင့်အရေး ချိုးဖောက်မှုများအား မီးမောင်းထိုးပြခြင်းက အလွန်အရေးကြီးသော်လည်း၊ မလုံလောက်ပါ”ဟု မစ်ရှင်၏ ကျွမ်းကျင်ပညာရှင် ရဒီကာ ကူမရာဆွာမိက ဆိုသည်။ “တာဝန်ခံမှုက နစ်နာခံရသူများအတွက်သာမက၊ တရားဥပဒေစိုးမိုးရေးအတွက်ပါ အရေးကြီးသည်။ တပ်မတော်၏ ယခင်က လုပ်ရပ်များကို ထပ်မဖြစ်စေရန်နှင့် အနာဂတ်ချိုးဖောက်မှုများကို တားမြစ်ရန်အတွက်လည်း အရေးကြီးပါသည်။”

အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ လေးနက်သောရာဇဝတ်မှုများအတွက် မစ်ရှင်က စုဆောင်းခဲ့သော အချက်အလက်များကို ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားအသစ်ထံသို့ လွှဲပြောင်းပေးပြီး ဖြစ်သည်။ ၎င်းယန္တရားလုပ်ငန်းစဉ်အနေနှင့် ထိုအထောက်အထားများအပေါ် အခြေခံကာ၊ မြန်မာနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်သူများအား၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများတွင် တရားစီရင်နိုင်မှုကို ထောက်ပံ့ရန်၊ ၎င်းတို့ကိုယ်တိုင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ပြည်တွင်း၌ ကျူးလွန်သူများ ပြစ်ဒဏ်ကင်းဝတ်လျက်ရှိသော နောက်ခံအခြေအနေကြောင့်၊ "တာဝန်ခံမှု ရှိစေရန် နိုင်ငံတကာ အသိုက်အဝန်းက တွန်းအားပေးမှ ရမည်"ဟု မစ်ရှင်ကဆိုသည်။ ယမန်နှစ်က အများပြည်သူ သိကြားစေရန် အမည်တပ်ခဲ့သော ဗိုလ်ချုပ်မှူးကြီး (၆)ဦးအပြင်၊ မြန်မာအရာရှိများ အပါအဝင်၊ ဂျန်နိုဆိုက်၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်ဟု သံသယရှိရသောလူများနာမည်(၁၀၀)ကျော်ပါသော လျှို့ဝှက်စာရင်းကို ထိန်းသိမ်းထားသည်ဟု မစ်ရှင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျန်ရှိနေသော ရိုဟင်ဂျာ (၆) သိန်းကျော်တို့၏ "မနှစ်မြို့ဖွယ်" လူနေမှုအခြေအနေများက လွန်ခဲ့သည့် တစ်နှစ်အတွင်း ပိုမိုဆိုးရွားလာကြောင်းနှင့် ဆက်လက် ဖိနှိပ်ညှဉ်းပမ်းမှုသည် ရခိုင်ပြည်နယ်တွင် ထုံးစံဘဝဖြစ်နေကြောင်း အစီရင်ခံစာက ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်၊ အများအားဖြင့် ရှိနေသော ရိုဟင်ဂျာဒုက္ခသည်ပေါင်း (၁) သန်းကျော်တို့ ပြန်လာရေးက လုံးဝမဖြစ်နိုင်ကြောင်း ဤအချက်အလက်များက အလေးပေး ထုတ်ဖော်ပြသခဲ့သည်။

ဂျန်နိုဆိုက်နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်အတူ၊ တခြား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုများကို တားမြစ်ရန် နိုင်ငံတစ်နိုင်ငံတွင်ရှိသော တာဝန်ဝတ္တရားကို မြန်မာနိုင်ငံက ပျက်ကွက်ခဲ့ကြောင်း ယနေ့ထုတ် အစီရင်ခံစာတွင် အချက်အလက်ရှာဖွေရေး မစ်ရှင်က ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင်ရှိသော တာဝန်ဝတ္တရားကို ပျက်ကွက်ခဲ့သည်ဟူသော တွေ့ရှိချက်မှာ၊ ၎င်းက လက်မှတ်ရေးထိုးခဲ့သော နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်ပေါင်း အနည်းငယ်မှ တစ်ခုဖြစ်သည့်၊ (၁၉၄၈) ဂျီနီဘာကွန်ဗင်းရှင်းလက်အောက်ရှိ ဝတ္တရားများကို ပျက်ကွက်ခဲ့သည့်အတွက်၊ မြန်မာနိုင်ငံအား အပြည်ပြည် ဆိုင်ရာ တရားမျှတမှု တရားရုံး (ICJ) တွင် တရားစွဲဆိုနိုင်သည်ဟု အဓိပ္ပာယ်ရသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ရက်ရက်စက်စက် လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားအတွက် တရားမျှတမှုရရှိရန် လမ်းကြောင်းများစွာဖြင့် ကြိုးစားသင့်သည်ဟု အစီရင်ခံစာကဆိုသည်။ မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံးသို့ လွှဲအပ်ရန် သို့မဟုတ်၊ ယခင်က ယူဂိုဆလားဗီးယားနှင့် ရဝမ်ဒါတို့အတွက် ဖွဲ့စည်းခဲ့သလို၊ လက်တန်း ရာဇဝတ်ခုံရုံးတစ်ခု တည်ထောင်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တိုက်တွန်းလိုက်သည်။

မြန်မာနိုင်ငံအပေါ် ဆက်လက်၍ မီးမောင်းထိုးဖိအားပေးရန်၊ တာဝန်ခံမှုတောင်းဆိုရန်နှင့် ဆက်လက်ဖြစ်ပွားနေသော အလွဲသုံးစားမှုများအား မျက်စိအောက်က အပျောက်မခံရန် ကျွမ်းကျင်ပညာရှင်သုံးဦးက နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းလိုက်ပါသည်။

"နိုင်ငံတကာက ကဲ့ရဲ့အပြစ်တင်ထိုက်အောင် မလှုပ်ရှားဘဲ ငြိမ်သက်နေမှုကို ရပ်တန့်သင့်ပြီ" ဟု မစ်ရှင်၏ ကျွမ်းကျင်ပညာရှင် ခရစ္စတိုဖာစီဒိုတီက ဆိုသည်။ လွန်ခဲ့သော နှစ် (၆၀) အတွင်း၊ စစ်တပ်က မြန်မာနိုင်ငံကို နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဖျက်ဆီးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ လူမျိုးများအားလုံးက သည်းသည်းထန်ထန် နစ်နာခံစားခဲ့ရပြီးဖြစ်သည်။ (၂၀၁၇)တွင် ရိုဟင်ဂျာတို့အပေါ် တိုက်ခိုက်ခဲ့သော စစ်တပ်စစ်ဆင်ရေးများသည်၊ အလွန်အကျွံ ပြင်းထန်၊ ရက်စက်သော်လည်း၊ ထိုအပြုအမူက ပိုမိုကြီးမားသော၊ ကြာရှည်သော၊ ယေဘုယျကျသော အစွန်းရောက် စစ်တပ်အကြမ်းဖက်မှု ဓလေ့ထုံးစံ၏ အစိတ်အပိုင်းသာဖြစ်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ထိထိရောက်ရောက် အရေးမယူသ၍၊ ဤသို့သော စိတ်မကောင်းစရာကောင်းသည့် သမိုင်းကြောင်းက ဆက်လက် သံသရာလည်နေမည်မှာ ကျိန်းသေသည်။

**နိဂုံးချုပ်။ ။**

**စက်တင်ဘာလ (၁၇)ရက်နေ့ မွန်းတည့် (၁၂)နာရီတွင်၊ ပါလဲဒေနေရှင်း ခန်းမ နံပါတ် (၃) (Palais des Nations, Room III) ၌ ကျွမ်းကျင်ပညာရှင်များက သတင်းစာရှင်းလင်းပွဲ ကျင်းပမည်ဖြစ်သည်။**

**နောက်ခံအခြေအနေ။ ။**

(၂၀၁၇) မတ်လတွင်၊ လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအတွင်း တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များ၊ အလွဲသုံးစားပြုမှုများ စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်၊ အခြေအနေများကို အတည်ပြုရန်၊ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (IIFFMM) ကို ဖွဲ့စည်းခဲ့သည်။ ချိုးဖောက်မှုများတွင် တရားလက်လွတ်ထိန်းသိမ်းခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူသူမဆန် ပြုမူဆက်ဆံခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် တခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ တရားမဝင် လူသတ်ဖြတ်ခြင်း၊ အစဖျောက်ခြင်း၊ အင်အားသုံး၍ နယ်မြေမှ ဖယ်ရှားခြင်းနှင့် တရားမဲ့ ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်းတို့ ပါဝင်သည်။ ပြစ်မှုကျူးလွန်သူတို့အား တာဝန်ခံမှု အပြည့်အဝရှိစေပြီး၊ ခံရသူများ တရားမျှတမှုရှိစေရန် ရည်ရွယ်ကာ၊ ရခိုင်ပြည်နယ်ရှိ အခြေအနေကို အသေးစိတ်လေ့လာခဲ့ပြီး၊ တခြားနိုင်ငံများရှိ ရိုဟင်ဂျာ (၈၂၇)ဦး ကို မစ်ရှင်က အင်တာဗျူးမေးမြန်းခဲ့သည်။

**ကျွမ်းကျင်ပညာရှင်များ။ ။**

ရှေ့နေနှင့် လူ့အခွင့်အရေး လှုံ့ဆော်သူ၊ အင်ဒိုနီးရှားနိုင်ငံသား၊ ရှေ့နေချုပ်ဟောင်း မာဇူကီး ဒါရူစမန်းက အချက်အလက်ရှာဖွေရေး မစ်ရှင်၏ ဥက္ကဋ္ဌဖြစ်သည်။ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ နောက်အဖွဲ့ဝင်နှစ်ဦးမှာ ရှေ့နေဖြစ်သူ၊ ကုလသမဂ္ဂ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်းနှင့် ကုလသမဂ္ဂ ကလေးများနှင့် လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း ရဒီကာကူမရာဆွာမိနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးရှေ့နေနှင့် ဩစတြေးလျနိုင်ငံသား လူ့အခွင့်အရေးမင်းကြီးဟောင်း ခရစ္စတိုဖာ စီဒိုတီတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ ဝက်ဘ်ဆိုက်
*https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/Index.aspx*

ပိုမိုသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

ဘန်ကောက်မြို့တွင် တော့ဒ်ပစ်မန်း (Todd Pitman) ။ ။ လက်ကိုင်ဖုန်း +၆၆ ၆၃ ၂၁၆ ၉၀၈၀ (သို့) todd.pitman@un.org သို့မဟုတ်၊

ဂျနီဗာမြို့တွင် ကစ်တီမက်ကင်စီ (Kitty McKinsey) ။ ။ လက်ကိုင်ဖုန်း +၄၁ ၂၂ ၉၁၇ ၈၃၁၅ (သို့) kmckinsey@ohchr.org